# ငိုကြွေးခြင်းကို စွန့်လွှတ်ကြပါ

**အယ်ဒီတာ** (Rebound88)

5th January, 2006

**နေ့ထူးနေ့မြတ်တရက်၊အများပြည်သူရှုံးပိတ်ရက်လိုနေမျိုးမှာလူထုကြီးအနေနဲ့အိမ်တွင်းကအိမ်ပြင်မထွက်ကြပဲထိုင်သပိတ်မှောက်ကြဘို့ပါဘဲ၊ တရက်တလေနေလို့ ဘယ်လိုမှမထိခိုက်ပါဘူးလို့ ယုံကြည်ပါတယ်။ ရန်ကုန်နဲ့အခြားမြို့တွေမှာလူသွားလူလာမရှိအောင်ခြောက်ကပ်သွားစေမယ့်အဖြစ်ဟာလမ်းပေါ်ထွက်ပြီး "ဒို့အရေး" လုပ်တာထက်အများကြီးထိရောက်ပြီးနိုင်ငံရေးအရနအဖကိုယိမ်းယိုင်သွားအောင်ထိုးနှက်နိုင်မယ်ဖြစ်တယ်လို့အလေးအနက်ယုံကြည်ပါတယ်။**

သက္ကရာဇ် ၂၀၀၆ ခုနှစ်ကို ရောက်လာခဲ့ပါပြီ၊ ပြီးခဲ့တဲ့နှစ်ကို ပြန်ကြည့်မယ်ဆိုရင် ဒီမိုကရေစီ အရေးလှုပ်ရှားသူ၊ လိုလားသူများအတွက် အတော်ကို အားတက်စရာကောင်းတဲ့နှစ်လို့ ပြောရမှာပါ၊ မြန်မာပြည်အရေးအတွက်ကုလသမဂ္ဂမှာ တင်ပြဆွေးနွေးနိုင်ခဲ့ခြင်း၊ ဒီမိုကရေစီရေးအတွက်အာဆီယံ၏ထောက်ခံမှုကိုအပြည့်အဝရခဲ့ခြင်းနှင့် နောက်ဆုံးမှာအာဆီယံအသင်းကြီးရဲ့အထူးသံတမာန်ကိုပြည်တွင်းဝင်ရောက်ခွင့်ပြုဘို့စစ်အစိုးရမှ သဘောတူညီခဲ့ရခြင်းတို့အပြင် အမေရိကန်ပြည်ထောင်စုမှသံတမာန်ရေးအရတက်တက်ကြွကြွရှေ့တန်းမှပါဝင်လာစေနိုင်ခဲ့ခြင်းတို့အပါအဝင် လူ့အခွင့်အရေး အဖွဲ့ အစည်း များနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာပြည်အတွင်းဖြစ်ပျက်နေမှု များကို ငြင်းမရနိုင်လောက်သည့်သက်သေခံချက်များဖြင့်အစီရင်ခံစာများထုတ်ပြန်နိုင်ခဲ့ခြင်းအစရှိတာတွေတိုးတက်ဖြစ်ပေါ်လာခဲ့တာ အများအသိပါ။



**၁၉၈၈ခုနှစ်က တနိုင်ငံလုံး**
**မှစစ်အုပ်ချုပ်**
**ရေးကိုအလိုမရှိကြောင်း**
**တခဲနက်ထုတ်ဖော်ပြသခဲ့ကြသည်**

ဒါပေမယ့် ကျွန်တော်တို့နိုင်ငံကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နဲ့ သူ့အပေါင်းအပါ နောက်လိုက်စစ်ခေါင်းဆောင်များရဲ့လက်အောက်မှာ ပြုသမျှ ခံနေခဲ့ကြရတာအခုဆို ၁၈ နှစ်ထဲရောက်လာခဲ့ပြီဖြစ်ပြီး ဗိုလ်နေဝင်းရဲ့ ၂၆ နှစ်တာ အုပ်ချုပ်မှုသက်တမ်းကို စံချိန်ချိုးဖို့တာစူနေပါပြီ၊သန်းရွှေရဲ့စစ်အုပ်ချုပ်ရေးသက် တမ်းတလျှောက်မှာ သူတို့ရဲ့ လက်ချက်ကြောင့် အသက် ဆုံးရှုံးခဲ့ကြရတဲ့ လူပေါင်းဟာ ထောင်ချီရှိနေပြီး၊ သွယ်ဝိုက်တဲ့ နည်းတွေကြောင့် အသက်ဆုံးရှုံးခဲ့ကြရတဲ့ ပြည်သူများဟာသိန်းချီသလောက် ရှိနေပါပြီ၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုဆိုတာကလဲ မရှိသလောက်ဖြစ်ပြီး၊ ရောဂါဖြစ်ပွားနှုန်းတွေဟာလည်း စံချိန်တင်လောက်အောင် တိုးတက်များပြားလာခဲ့ပါတယ်၊ ပြည်တွင်းမှာ လူချင်းတူတူသူချင်းမျှမျှမနေရလို့ ပြည်ပကိုထွက်ခွာပြီးရရာအလုပ်လုပ်ကိုင်စားသောက်နေကြတဲ့လူပေါင်းဟာလည်း သန်းချီသလောက် ရှိနေပြီး၊ သားတကွဲမယားတကွဲအိုးအိမ်ပြစ် ထွက်ခွာခဲ့ကြရလို့ မဖော်ပြနိုင်တဲ့လူမှုရေးဒုက္ခတွေတွေ့ကြရတာ လည်းဒုနဲ့ဒေးပါ၊ ထိုင်းလိုနိုင်ငံမျိုးမှာ တောင်ခိုးကြောင်ခိုးဗုက်နဲ့တဝမ်းတခါးအတွက်အလုပ်သွား လုပ်နေခဲ့ကြရပြီး ဆူနာမီကြောင့် အသက်ဆုံးခဲ့ရတဲ့မိမိရဲ့မိသားစုဝင်တွေရဲ့အလောင်းကို တောင်ပြန်မယူရဲကြရပဲ အဝေးကနေ ပူဆွေးနေကြရတဲ့ အဖြစ်ဟာတွေးကြည့်ရင် အသဲနာဘို့ကောင်းလှပါ တယ်။ ဒီလိုမျိုးအဖြစ်ဆိုးတွေဟာ ပထမမြန်မာနိုင်ငံတော်ကြီးကိုစတင်တည်ထောင်ခဲ့တဲ့အနော်ရထာဘုရင်လက်ထက်ကနေပြောရမယ်ဆိုရင်ခုချိန်လောက်မြန်မာလူမျိုးတွေလူ့အောက်သူ့အောက်မကျခဲ့ကြဘူးလို့ ကျွန်တော်ရဲရဲကြီးပြောရဲပါတယ်။

ကျွန်တော့်အဖွားပြောခဲ့ဘူးတာမှတ်မိနေပါသေးတယ်၊ စာဆိုသေစာရှင်စာလောက်သာသိပြီး၊ နိုင်ငံရေးဆိုတာနကန်းတလုံးမသိတဲ့အဖွားက တနေ့မှာ တီဗွီထဲက ခင်ညွန့်တို့၊ သန်းရွှေ၊ စောမောင်တို့ပါတဲ့ သတင်းကို ကြည့်နေရင်းက "ငါ့မြေးရေ ဒီမောင်တွေကြည့်ရတာမြန်မာပြည်တပြည်လုံးဘယ်သူမှမကျန် ပဲသစ်ပင်ပဲကျန်ခဲ့ရင်တောင်ဆက်အုပ်ချုပ်နေအုံးမယ့်လူမျိုးတွေကွဲ့" ၊ကျွန်တော်ကအဘွားရယ်သူတို့ရွေးကောက်ပွဲတောင်လုပ်ဘို့ရက်သတ်မှတ်ပြီး အနိုင်ရတဲ့ ပါတီကို အာဏာလွှဲပေး ဘို့ ကတိပေးထားပြီးပြီလေပြောတော့အဘွားက "စောင့်ကြည့်အုန်းပေါ့ ငါ့မြေးရယ်" လို့ ပြန်ပြောခဲ့ပါတယ်၊ ဆေးပေါလိပ်ကြီး တဖွာဖွာနဲ့ မြန်မာနိုင်ငံရေးကမိုင်းကို စကားတခွန်းတည်းနဲ့သွေးထွက်မတတ်မှန်အောင်ခန့်မှန်းသွားခဲ့တဲ့အဘွားကွယ် လွန်ခဲ့တာ ၈ နှစ်နီးပါးရှိသွားပြီဖြစ်ပေမယ့် အဘွားစကားအတိုင်း ကျွန်တော်အပါအဝင် ၅၂ သန်းသော ပြည်သူတရပ်လုံးကစောင့်ကြည့်နေရဆဲပါပဲ။

**လူထု ကို အနိုင်ကျင့်ခြိမ်းခြောက်တဲ့နည်းလမ်းတွေနဲ့သန်းရွှေနဲ့ တေဇတို့အဖို့ ဒူးနံ့ ပြီး တိုင်းပြည်ကို ဆက်လက်ဂုတ်သွေးစုတ်ခွင့်ရမှာပါ၊**

ကျွန်တော်တို့အဖြစ်ကဘာနဲ့တူသလဲဆိုတော့ ရပ်ကွက်ထဲမှာဗိုလ်ကျရမ်းကားတတ်တဲ့လူမိုက်တစု ကို ဖြောင့်ဖျပေးဘို့ အခြားရပ်ကွက်ကလူကြီးတွေသွားတောင်းပန်ခိုင်း၊ အခြားရပ်ကွက်ကလူမိုက်တွေငှားဘို့ကြံလိုကြံဒီလူမိုက်တွေကို ငွေထုတ်ချေး တတ်တဲ့ ပေါက်ဖော်၊ ချစ်တီးတွေသွားပြီး ငွေမချေးဘို့ပြောလိုပြောလုပ်နေတဲ့အဖြစ်နဲ့သွားဆင်ဆင်တူနေပါတယ်၊ ယခုလို လူမိုက်တွေ ကျွန်တော်တို့ရဲ့ အနာဂါတ်တွေ၊ မျှော်လင့်ချက်တွေကိုဖျက်ဆီးနိုင်အောင်ခွင့်ပြုခဲ့ကြတဲ့ ကျွန်တော်တို့ကို ကျွန် တော်တို့ အပြစ်တင်ရုံပဲ ရှိပါတယ်။

အုပ်ချုပ်သူစစ်အရာရှိတွေကိုယ်၌ကတနှစ်ပြီးတနှစ်သူတို့ သက်ဆိုးရှည်ခဲ့ကြတာကို အံ့သြခဲ့ကြရတဲ့အထိကျွန်တော်တို့ ကလည်းစိတ်ရှည်ခဲ့ကြပါတယ်၊ အခုဆိုစစ်အစိုးရဟာ ကံကြမ္မာဟာသူတို့ဘက်မှာအမြဲတမ်းရှိမနေဘူးဆိုတာသိလို့ခံတပ်ရွှေ့ပြောင်းပြီး တိုင်းပြည်ကို ကျွန်သက်ရှည်အောင်ကြံစည်နေကြပါပြီ၊ နိုင်ငံတကာအလယ်မှာ လူမြင်ကောင်းအောင် လုပ်မယ်လို့ ကတိပေးခဲ့တဲ့ အချက် ၇ ချက်ပါ ဒီမိုကရေစီ လမ်းညွှန်မြေပုံဟာလည်းသူတို့အတွက်ဘယ်လိုမှအရှုံးမရှိနိုင်တဲ့စစ်တုရင်ရွှေ့ကွက်တခုပါပဲ၊ ဖွဲ့စည်းပုံရေးဆွဲပြီး၊ ရွေးကောက်ပွဲ ကျင်းပပေးမယ်၊ ၂၅ ရာနှုန်းကရွေးချယ်တင်မြှောက်စရာမလိုတဲ့စစ်အရာရှိများကို ခန့်ထားမှာဖြစ်ပြီး၊ ကြံ့ဖွံ့ကိုနိုင်ငံရေးပါတီ အသွင်ပြောင်းပြီး ဝင်ရောက်ယှဉ်ပြိုင်ခိုင်းရင်၎င်းတို့ရဲ့လူထုကို အနိုင်ကျင့်ခြိမ်းခြောက်တဲ့နည်းလမ်းတွေနဲ့ ဆိုရင် (ဒီပဲယင်းကသက်သေခံနေပါတယ်)အနည်းဆုံးနောက်ထပ် ၂၅ရာနှုန်းကကြိမ်းသေသလောက်ရှိမှာဖြစ်လို့ သန်းရွှေနဲ့ တေဇတို့အဖို့ ဒူးနံ့ပြီး တိုင်းပြည်ကို ဆက်လက်ဂုတ်သွေးစုတ်ခွင့်ရမှာပါ၊

နောက် အန္တရယ်တခုက ၈၈ တုန်းကလိုအရေးအခင်းတွေဖြစ်ခဲ့လို့ စစ်အစိုးရဘို့ပြေးပေါက်မှားမယ့်အဖြစ်မျိုးကြုံလာခဲ့ရင် တရုတ်စစ်တပ်ကိုအကူအညီတောင်းဘို့ဝန်လေးမှာမဟုတ်ပါဘူး၊ တရုတ်ကလည်း နှစ်နိုင်ငံတပ်မတော်များအကြား ကါလကြာမြင့်စွာ တည်ရှိနေသော ချစ်ကြည်ရေးအရတရုတ်အမျိုးသား လွတ်မြောက်ရေးတပ်မတော်မှ မြန်မာပြည်သူအများစု၏အသက်အိုးအိမ်ကို ကါကွယ်စောင့်ရှောက်နိုင်ရန်ဆိုပြီး ဝင်လာကြမှာဧကန်မလွဲပါပဲ၊ တရုတ်အဖို့ကသူတို့အဖို့ လုပ်ချင်တိုင်းလုပ် ခွင့်ရနေတဲ့နောက်ဖေးခြံမှာ တို့ကိုမလိုလားမယ့် သူမျိုး အရောက်ခံမှာမဟုတ်ပါဘူးသည်လိုအစဉ်အလာမျိုးက ၁၉၇၉ မှာ အာဖဂန်နစ္စတန်ကိုဆိုဗီယက်တပ်တွေဝင်ရောက်ခဲ့တာရယ်၊ ဗီယက်နမ်က၁၉၇၉မှာကမ္ဘောဒီးယားကိုဝင်ရောက် ကျူးကျော် ခဲ့တာမျိုးတွေက သက်သေခံနေပါတယ်။ အဲ့သည့် အခါကျမှ ကုလလုံခြုံရေးကောင်စီက ပျူးပျူးပြာပြာ လုပ်ဘို့ အချိန်မရှိ တော့ပါဘူး၊ ဆိုဗီယက် နဲ့ ဗီယက်နမ်တို့က ၁၀နှစ် ကျော်ကြာ ကုလသမဂ္ဂရဲ့ တောင်းဆိုချက်များစွာကို လစ်လျူရှုထားခဲ့ပြီးမှ သူတို့သဘောနဲ့သူတို့အခြေမလှလို့ဆုတ်ခွာခဲ့ကြတာအားလုံး အသိပါ။ပျဉ်းမနားသည် မဟာဗျူဟာအရအချက် အခြာကျ လို့ တရုတ်အဖို့ အလွယ်တကူ ဝင်ရောက်လာ နိုင်ပြီး ၎င်းတို့၏ဆက်သွယ်ရေးနှင့်ထောက်ပံ့ရေးလမ်း ကြောင်း များ ကို အလွယ်တကူထိန်းချုပ်ထားနိုင်စွမ်းရှိနိုင်ပါတယ်။ ဒါပေမယ့် ကမ္ဘာမှာ စီးပွားရေးအရ အင်အားကြီးနိုင်ငံတခု ဖြစ်နေတဲ့ တရုတ်အဖို့ ၎င်းတို့ရဲ့ ကုန်သွယ်ဖက်နိုင်ငံများရဲ့ အညိုအညင် ကို ခံနိုင်ဖွယ်လည်း မရှိသဖြင့် ထိုကဲ့သို့ ပြုလုပ် လာနိုင်မလားဆိုတာအပြောရ ခက်လှသော်လည်းမဖြစ်နိုင်ဘူးလိုတော့လဲ မဆိုနိုင်ပါဘူး။

ဘာပဲပြောပြော နေဝင်း တခါကပြောခဲ့ဘူးတဲ့စကားအတိုင်း ဆိုရင် ဒီကိစ္စဟာသမိုင်းပေးတာဝန်ဖြစ်တယ်၊ ဘယ်သူ့တိုက်တွန်းမှုကိုမှ စောင့်နေစရာမလိုဘူး၊လို့ ပြောရမှာပါပဲ၊ အထက်က ဆိုခဲ့သလို

၂၀၀၅ ခုနှစ်အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အခြေအနေမျိုးဟာ စစ်အာဏာရှင်စနစ်အပြီးတိုင် အဆုံးသတ်ဘို့ လက်တကမ်းအလို အထိတွန်းပို့ပေးထားခဲ့ပြီးပါပြီ၊ မိမိတို့မှ ယုံကြည်စွာဖြင့်အပ်နံထားခဲ့ခြင်းလည်းမရှိပါပဲ၊ မိမိတို့၏ ကံကြမ္မာကိုလက်နက်အားကိုးဗိုလ်ကျထင်တိုင်းချယ်လှယ်ခဲ့ကြပါတယ်၊ ပြည်သူများအနေ နဲ့ တိုင်းပြည်နဲ့ လူမျိုးကိုသစ္စာစောင့်သိခြင်းမရှိပဲ၊ မိမိတို့အပေါ် မှာ နှစ်ပေါင်းများစွာ ဂုတ်ခွစည်းထားကြတဲ့ စစ်အာဏာရှင်တွေကိုခါချပြစ်ကြဘို့သမိုင်းပေးတာဝန်တရပ်အဖြစ်ကျ ရောက်လာနေပါပြီ။ ဂျော့ဘွတ်ရှိက ဘာပြောလိုက်ပြန်ပြီ၊ အာဆီယံက မခံတော့ဘူး၊ ဒါတွေ ထိုင်နားထောင်နေလို့ကတော့ ကျွန်တော်ရဲရဲကြီးပြောရဲ ပါတယ်၊ စိတ်ဓါတ်ရေးရာအရ ပျက်စီးနေပြီဖြစ် တဲ့ လောဘသားတွေစိတ်ပြောင်းလာအောင်လုပ်နိုင်မှာမဟုတ် ပါဘူး၊ ပြင်ပကမ္ဘာအနေနဲ့ ကတော့သူတို့လုပ်ပေးနိုင်တာကိုလုပ်ပေးခဲ့ကြပြီးဖြစ်ပါတယ်။

**တရက်ထဲအခုလိုလုပ်ခဲ့ရင်**
**ပြည်သူအများရဲ့စည်းလုံးမှုကို**
**စစ်အစိုးရဟာတုန်လှုပ်သွားမှာ**
**ကေန်မလွဲပါပဲ၊**

အဝေးကနေ ပြည်တွင်းမှာသွေးချောင်းစီးမယ့်အဖြစ်ကို တွန်းပို့ပေးနေတယ်လို့တော့မယူဆစေချင်ပါဘူး၊ အကြမ်းမဖက်ပဲ၊ ငြိမ်းချမ်းသောနည်းဖြင့်မိမိတို့ရဲ့အင်အားသတ္တိကို ကမ္ဘာကသိအောင်ပြသနိုင်တဲ့နည်းလမ်းတွေ ရှိပါတယ်၊ နေ့ထူးနေ့မြတ် တရက်၊ အများပြည်သူရုံးပိတ်ရက်လိုနေမျိုးမှာ လူထုကြီးအနေနဲ့ အိမ်တွင်းကအိမ်ပြင်မထွက်ကြပဲထိုင်သပိတ်မှောက်ကြဘို့ပါပဲ၊ ဝန်ထမ်းတွေအနေနဲ့လည်းရုံးပိတ်ရက်ဖြစ်လို့နအဖကအရေးယူလို့ မရပါဘူး၊ တရက်ထဲအခုလိုလုပ်ခဲ့ရင် ပြည်သူအများရဲ့စည်းလုံးမှုကို စစ်အစိုးရ ဟာတုန်လှုပ်သွားမှာ ကေန်မလွဲပါပဲ၊ နိုင်ငံတကာကလည်းစစ်အစိုးရကို ပိုပြီးတွန်းအားပေးလာကြမှာ ဖြစ်ပါတယ်၊ မိမိဘာမိမိ အိမ်ပြင်မထွက်တဲ့ ကိစ္စကို ဘယ်သူမှအရေးယူလို့ မရပါဘူး၊ ဒေါ်အောင်ဆန်းစုကြည်ပင် အိမ်ထဲမှအိမ်ပြင်မထွက်ပဲ ၁၀နှစ်ကျော် နေနိုင်ခဲ့ရင် မိမိတို့မှ တရက်တလေမထွက်ပဲနေလို့ဘာမှမဖြစ်ပါဘူး၊ တနေ့လုပ်မှတနေ့စားရပါတယ်ဆိုတဲ့ ပြည်သူအများစုကလဲတနေ့လုပ်လို့ တပါတ်စားလို့ရမယ့် အဖြစ်ရောက်အောင် တရက်တလေ နေလို့ ဘယ်လိုမှ မထိခိုက်ပါဘူးလို့ ယုံကြည်ပါတယ်။ ရန်ကုန်နဲ့ အခြားမြို့တွေမှာ လူသွားလူလာမရှိအောင် ခြောက်ကပ်သွားစေမယ့် အဖြစ်ဟာ လမ်းပေါ်ထွက်ပြီး "ဒို့အရေး" လုပ်တာထက် အများကြီး ထိရောက်ပြီး နိုင်ငံရေးအရ နအဖ ကိုယိမ်းယိုင်သွားအောင် ထိုးနှက်နိုင်မယ်ဖြစ်တယ်လို့ အလေးအနက်ယုံကြည်ပါတယ်။

နိုင်ငံတကာက စစ်အစိုးရကို သံတမာန်ရေးအရထိုးနှက် တိုက်ခိုက်ခဲ့တာ ကမ်းကုန် နေပါပြီ၊ နိုင်ငံတကာမှစီးပွားရေး အရအရေးယူပိတ်ဆို့ဒဏ် ခတ်ဘို့ပဲ ကျန်ပါတော့တယ်၊ ဒါက လက်တွေ့မှာ မဖြစ်နိုင် ပါဘူး၊ပြည်သူတွေအနေ နဲ့ ကသာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်ရဘို့ မိမိတို့ အသိညာဏ်တွေကို နှစ်ရှည်လများစော်ကါးလာခဲ့တဲ့စစ်အာဏာရှင်တွေကို မောင်းထုတ်ပြစ်ဘို့ ကိုယ့်အားကိုယ်ကိုး ဘို့ပဲကျန်ပါတော့တယ်၊ ငိုနေရုံနဲ့လဲမပြီး လက်နက်အားကိုးသမားတွေကို ပြည်သူတွေရဲ့ညီညွတ်သောအင်အားကိုပြဘို့လိုပါတယ်။နိုင်ငံတကာမှာရှိနေကြတဲ့ မြန်မာ့အရေးလှုံ့ဆော်သူများ၊ လူ့အခွင့်အရေးတက်ကြွ လှုပ်ရှားသူများအနေနဲ့လည်းအားလုံးတိုင်ပင်ညှိနှိုင်းကါအကွဲကွဲအပြားပြားဖြစ်နေတဲ့ အဖွဲ့အစည်းများနဲ့ပုဂ္ဂိုလ်များကို စည်းရုံးဖွဲ့စည်း ၍တခုတည်းသောအဖွဲ့အစည်းကြီးတရပ်ဖြစ်ပေါ်လာအောင်ကြိုးပမ်းဆောင်ရွက်သင့်ပြီး၊ မြန်မာပြည်သူတရပ်လုံးကိုဦးဆောင်သင့်ပြီလို့ တိုက်တွန်း လိုက်ရပါတယ်။

ကျွန်တော်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုတဲ့ စကါးကိုကြားရတိုင်းကွယ်လွန်သွားတဲ့အဖွားကိုအမြဲတမ်း သတိရနေမိပါတယ်။

**COMMENTARY Rebound88**